နေ့စဉ်တိုင်းရင်းသားသတင်းများစုဆောင်းတင်ပြခြင်း

(No. 121, August 20, 2021)

၁။ တာပိန်မြစ်ကြောင်းတစ်လျှောက် ကျေးရွာများ ဘေးလွတ်ရာသို့ အချိန်မီ ရွှေ့ပြောင်းရန် သတိပေးချက် ထုတ်ပြန်

၂။ ဝိုင်းမော် ခလရ ၅၈ တပ်ရင်း ပစ်ခတ်သည့် လက်နက်ကျည်အချို့ ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲ

၃။ ပစ်ခတ်ခံရသော စစ်ကောင်စီ သင်္ဘောတစ်စီး ရွှေကူမြို့သို့ ရောက်လာ

၄။ မိုးကောင်းတွင် လူငယ် ၂၀ ဦးခန့်ကို စစ်ကောင်စီ ဖမ်းဆီးထား

၅။ မိုင်းနား စစ်ရှောင်စခန်းတွင် covid-19 ပိုးတွေ့လူနာ ထပ်တိုး

၆။ တနိုင်းတွင် Covid-19 လက္ခဏာဖြင့် နေ့စဉ် သေဆုံးသူ ရှိနေ

၇။ အရေးတော်ပုံမအောင်မချင်း ကရင်နီတပ်မတော် ဦးဆောင်လမ်းညွှန်မှုနဲ့ ဆက်လက်တိုက်ပွဲဝင်သွားမယ်လို့ KNDF ဆို

၈။ အကြမ်းဖက်စစ်ကောင်စီတပ်မှ ဒီမော့ဆိုမြို့နယ်အရှေ့ဖက်ခြမ်းရှိ ဒေသခံပြည်သူတွေကို ဖမ်းဆီးပြီး ဓါးစာခံပြုလုပ်နေ

၉။ မြဝတီနယ်စပ်မှတဆင့် ဩဂုတ်လ ၁ ရက်နေ့မှ ယနေ့ထိ ထိုင်းပြန်မြန်မာလုပ်သား ၁,၈၀၀ ကျော်ဝင်ရောက်ခဲ့

၁၀။ KNU တပ်မဟာ(၅)တွင် ၁၅ ရက်အတွင်း တိုက်ပွဲပေါင်း ၅၆ ကြိမ်ဖြစ်ပွားပြီး စစ်ကောင်စီဘက်မှ တပ်ရင်းမှူး တစ်ဦးအပါအဝင် ၃၄ ဦးကျဆုံး

၁၁။ မယ်လအူး ဒုက္ခသည်စခန်းအတွင်း ကိုဗစ်ကူးစက်ခံရသူ ၆ ဦး တွေ့ရှိသဖြင့် စခန်းတွင်း သွားလာမှု တင်းကြပ်ထား

၁၂။ စစ်ကောင်စီတပ်နှင့် BGF ပူးပေါင်းတပ်က နှစ်ရက်အတွင်း အပြီးရှောင်ရန် သတိပေး၍ ကျေးရွာသားများ ရှောင်တိမ်းနေ

၁၃။ မြဝတီခရိုင်ထွေအုပ်ရုံးထဲဝင်ရောက်ပြီး အုတ်ခဲဖြင့်ပစ်ပေါက်ခဲ့သူအား လုံခြုံရေးရဲမှ ပစ်ခတ်ဖမ်းဆီး၍ အမှုဖွင့်ထား

၁၄။ အုန်းဖျန် ဒုက္ခသည်စခန်းနေ လူငယ်တစ်ဦး ပစ္စည်းခိုးသည်ဟု အစွပ်စွဲခံရပြီး ပစ်သတ်ခံခဲ့ရ

၁၅။ အမိုက်သိမ်းယာဉ်ပေါ်မှာ လက်လုပ်ဗုံး အသေးစားပေါက်ကွဲမှုဖြစ်ခဲ့ပြီး စည်ပင်ဝန်ထမ်းတစ်ဦး ခြေထောက်တွင် ဒဏ်ရာအနည်းငယ်ရ

၁၆။ ကုန်ဈေးနှုန်းမြင့်တက်မှုကြောင့် ဝင်ငွေမရှိသည့် ကျေးလက်နေလူထုများအတွက် အခက်အခဲဖြစ်နေ

၁၇။ မဲဆောက်ဒေသရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ကိုဗစ်ကာကွယ်ဆေးထိုးနှံပေး

၁၈။ မြဝတီမြို့နယ်မှ မိုင်းထိလူငယ်တစ်ဦး တောနော်ဆေးရုံတွင် ဆေးကုသမှုခံယူနေရ

၁၉။ ၇၄ ကြိမ်မြောက် မွန်တော်လှန်ရေးနေ့အခမ်းအနား အွန်လိုင်းပေါ်တွင်ကျင်းပသွားမည်

၂၀။ ပုဏ္ဏားကျွန်းမြို့နယ်တွင် မျှစ်ခူးပြန်လာသည့်ဟွန်ဒါစက်တပ်လှေနစ်မြုပ်၍ အမျိုးသမီး ၃ ဦးအပါအဝင် ၄ ဦးရေနစ်ပျောက်ဆုံး

၂၁။ ပန်ဆိုင်းမြို့ပေါ် တိုက်ပွဲပြင်းထန်

၂၂။ နမ္မတူမြို့နယ် နေအိမ်တချို့ TNLA တပ်သားများ ဝင်ရောက်နေထိုင်

၂၃။ ကျောက်မဲ – မိုင်းငေါ့လမ်းပိုင်း မြေပြိုမှုဖြစ်ပွား

၂၄။ ကျောက်မဲမြို့နယ် စစ်ရှောင် (၁၅၀၀)ကျော်ထိ ရှိလာ

၂၅။ RCSS နှင့် မြောက်ပိုင်းမဟာမိတ်တိုက်ပွဲကြား အရပ်သားနေအိမ်(၂)လုံး လက်နက်ကြီးထိ

**********************

## ၁။ တာပိန်မြစ်ကြောင်းတစ်လျှောက် ကျေးရွာများ ဘေးလွတ်ရာသို့ အချိန်မီ ရွှေ့ပြောင်းရန် သတိပေးချက် ထုတ်ပြန်

19th August 2021

မိုးမောက်မြို့နယ် တာပိန်ရေအားလျှပ်စစ်တွင် ရေများမြင့်တက်လာသဖြင့် ရေလွှတ်ချမည်ဖြစ်သောကြောင့် မြစ်ကြောင်းတစ်လျှောက် မိုးမောက်နှင့် ဗန်းမော်မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာများအနေဖြင့် ဘေးလွတ်ရာသို့ အချိန်မီ ရွှေ့ပြောင်း နေထိုင်ကြပါရန် သက်ဆိုင်ရာ ယနေ့တွင် လိုက်လံ ကြေညာနေကြောင်း သိရသည်။ ယခုရက်ပိုင်း တာပိန်အထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တာပိန်ရေလှောင်ကန်သည် သတ်မှတ်ရေအမှတ်ထက် ကျော်လွန်နေပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် တာပိန်ရေလှောင်ကန်မှ ရေဖောက်ချပြီး ၁၀နာရီအတွင်း ဗန်းမော်မြို့သို့ရောက်ရှိနိုင်သဖြင့် ပြည်သူများအနေဖြင့် သိမ်းဆည်းသင့်သည်များကို သိမ်းဆည်းထားရန် မိုးလေဝသ ဌာနကလည်း ထုတ်ပြန်ထားသည်။

ဗန်းမော်မြို့၏ စိုးရိမ်ရေအမှတ်မှာ ၁၁၅၀ စင်တီမီတာဖြစ်သည်။ ထို့အပြင် ဗန်းမော်မြို့အထက်ပိုင်း မြစ်ကြီးနားမြို့ မှကျဆင်းလာသော မြစ်ရေရောက်ရှိလာခြင်းနှင့် တာပိန်မြစ်ရေ စီးဝင်မှုတို့ကြောင့် သာမန်ထက်မြစ်ရေ မြင့်တက်မှု ပိုမြန်နိုင်ကြောင်း ပြည်နယ်မိုးလေဝသက ဖော်ပြထားပါသည်။ https://burmese.kachinnews.com/2021/08/19/aug-19-z2/

********************

## ၂။ ဝိုင်းမော် ခလရ ၅၈ တပ်ရင်း ပစ်ခတ်သည့် လက်နက်ကျည်အချို့ ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲ

19th August 2021

ဝိုင်းမော်မြို့ ခလရ ၅၈ တပ်ရင်းမှ ဩဂုတ်လ ၁၈ရက်ည လက်နက်ကြီး ပစ်ခတ်မှုကြောင့် တပ်ရင်းအနီးရှိ ခကွမ်ရွာတွင် လက်နက်ကြီးများ ကျရောက်ပေါက်ကွဲခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။ ခလရ (၅၈)တပ်သည် ယမန်နေ့ည စနာရီ ၄၀မိနစ်ခန့်မှစကာ လက်နက်ကြီး လက်နက်ငယ်များဖြင့် ပြည်သူများရှိရာသို့ ရမ်းသမ်းပစ်ခတ်ခဲ့သည်။

ဝိုင်းမော်မြို့ရှိ ခလရ (၅၈)တပ်သည် မကြာခနဆိုသလို ကျေးရွာများသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ခြိမ်းခြောက်ပစ်ခတ်မှုများ ပြုလုပ်နေသည်။ ပြီးခဲ့သည့်အပတ်ကလည်း ခလရ (၅၈) တပ်၏ ပစ်ခတ်မှုကြောင့် ဝူယန်ကျေးရွာမှ အမျိုးသမီးတစ်ဦး သေနတ်ထိမှန် သေဆုံးခဲ့ပြီး ဒေသခံများ၏ နေအိမ်များနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုများစွာ ဖြစ်နေကြောင်း သိရသည်။

ထို့အပြင် ခလရ ၅၈ တပ်ရင်းအနေဖြင့် ခံစစ်ပြုလုပ်မည်ဖြစ်သောကြောင့် တပ်ရင်းအနီးတွင် နေထိုင်ခြင်းမပြုရန် ဩဂုတ်လ ၁၄ ရက်နေ့က လိုက်လံ ကြေညာခဲ့သဖြင့် တပ်ရင်းအနီး ဒေသခံများသည် စစ်ရှောင်အဖြစ် ထွက်ပြေးနေရချိန်ဖြစ်သည်။ အဆိုပါတပ်စခန်းကို ကချင်လွတ်လပ်ရေးတပ်မတော် KIA မှ ဇူလိုင် ၂၉ ရက်ညတွင် နောက်ဆုံးသွားရောက် တိုက်ခိုက်ခဲ့သည်။

https://burmese.kachinnews.com/2021/08/19/aug-19-z1/

*****************

## ၃။ ပစ်ခတ်ခံရသော စစ်ကောင်စီ သင်္ဘောတစ်စီး ရွှေကူမြို့သို့ ရောက်လာ

18th August 2021

ရွှေကူမြို့အဝင်တွင် ပစ်ခတ်ခံရသည့် အာဏာသိမ်းစစ်တပ်၏ စစ်ရိက္ခာသယ်သင်္ဘောတစ်စီး ယနေ့ ညနေ ၄ နာရီခွဲ ဝန်းကျင်တွင် ရွှေကူမြို့ သင်္ဘောဆိပ်သို့ ရောက်ရှိလာကြောင်း ဒေသခံများထံမှ သိရသည်။

ကသာမြို့မှ ရွှေကူဘက်သို့ ဆန်တက်လာသောအဆိုပါ စစ်ရိက္ခာသယ် သင်္ဘောတစ်စီးကို ရွှေကူမြို့အဝင် ကျေးရွာတစ်ခုအနီးတွင် ယနေ့ မွန်းလွဲ ၃ နာရီခွဲခန့်က ကချင်လွတ်လပ်ရေးတပ်မတော် KIA နှင့် PDF တို့ ပစ်ခတ်ခဲ့ကြောင်း ဒေသခံတစ်ဦးက KNG ကို ပြောသည်။ ပစ်ခတ်ခံရသည့် သင်္ဘောမှာ ပဒိုင်းအမည်ရှိပြီး ဗန်းမော်မြို့ဘက်သို့ ပြန်လည် ထွက်ခွာသွားနိုင်ဖွယ်ရှိကြောင်း အဆိုပါဒေသခံတစ်ဦးက သုံးသပ် ပြောဆိုသည်။

ပြီးခဲ့သည့် ဩဂုတ်လ ၁၁ ရက်နေ့ကလည်း ကသာမှ ဆန်တက်လာသော စစ်ကောင်စီသင်္ဘောကို KIA က ပစ်ခတ်မှုပြုလုပ်ခဲ့ပြီးနောက် စစ်ကောင်စီတပ်က မြစ်ကြောင်းတစ်လျှောက် လက်နက်ကြီး ငယ် ပစ်ကာ ရွှေကူသို့ ရောက်လာခဲ့သည်။

https://burmese.kachinnews.com/2021/08/18/aug-18-y2/

******************

## ၄။ မိုးကောင်းတွင် လူငယ် ၂၀ ဦးခန့်ကို စစ်ကောင်စီ ဖမ်းဆီးထား

17th August 2021

မိုးကောင်းမြို့အထွက် ဖားကန့်လမ်း အုပ်ကျင်းကျေးရွာတွင် အာဏာသိမ်းစစ်တပ်အဖွဲ့က လူငယ် ၂၀ ဦးခန့်ကို သေနတ်ဖြင့် ခြိမ်းခြောက်ကာ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

စစ်ကောင်စီတပ်၏ ခြိမ်းခြောက်ခံရကာ ဖမ်းဆီးသွားသည့် လူငယ်များမှာ မည်သူများဖြစ်ကြောင်းကို လက်ရှိချိန်ထိ သေချာမသိရဘူးဟု သူက ဆက်ဆိုသည်။

အဆိုပါ လူငယ်အဖွဲ့ကို မိုးကောင်းတပ် ခလရ ၇၄ တပ်ရင်း နေရာဟောင်းတွင် ဖမ်းဆီးထိန်းသိမ်းထားပြီး ဖမ်းဆီးသွားသည့် အကြောင်းအရင်းကို မသိရသေးကြောင်း ဒေသခံများ ပြောဆိုချက်အရသိရသည်။

https://burmese.kachinnews.com/2021/08/17/aug-17-y2/

********************

**၅။ မိုင်းနား စစ်ရှောင်စခန်းတွင် covid-19 ပိုးတွေ့လူနာ ထပ်တိုး**

17th August 2021

ဝိုင်းမော်မြို့နယ် မိုင်းနား စစ်ရှောင်စခန်း ၂ ခုတွင် ကိုဗစ်ကူးစက်ခံရသည့် စစ်ရှောင်ဦးရေ ၆၀ ဦးအထိ ရှိလာကြောင်း စခန်းတာဝန်ခံများထံမှ သိရသည်။ မိုင်းနား ကတ်သလစ်စစ်ရှောင်စခန်းတွင် ဩဂုတ် ၁၇ ရက် ယနေ့တွင် Covid-19 ပိုးတွေ့လူနာ ၃ ဦး ပြန်လည်စစ်ဆေးတွေ့ရှိခဲ့ကြောင်း စခန်းတာဝန်ခံထံမှ သိရသည်။

ပြီးခဲ့သော ဇူလိုင်လတွင် မိုင်းနား ကတ်သလစ်စစ်ရှောင်စခန်းတွင် ကိုဗစ် ပိုးတွေ့လူနာ ၆ ဦးရှိခဲ့ပြီး ယနေ့ ၃ ဦးထပ်တွေ့ရာ ၉ ဦးရှိပြီ ဖြစ်သည်။ သို့သော် ယခင် ပိုးတွေ့လူနာ ၆ ဦးမှာ ပျောက်ကင်းသွားပြီ ဖြစ်သည်။ ထို့အပြင် အဆိုပါစစ်ရှောင်စခန်းဖြင့် ကပ်လျက်ရှိသော KBC စစ်ရှောင်စခန်းတွင်မူ ပိုးတွေ့လူနာ ၄၉ ဦးအထိ ရှိခဲ့ပြီဟု သိရသည်။

အဆိုပါ စစ်ရှောင်စခန်း ၂ ခုမှာ ဝိုင်းမော်မြို့နယ်တွင် လူဦးရေအများဆုံးစခန်းများဖြစ်ကြပြီး စခန်းတစ်ခုစီတွင် အိမ်ထောင်စု အနည်းဆုံး ၅၀၀ ကျော်ရှိပြီး လူဦးရေ ၂ ထောင်ကျော်ရှိကြောင်း သိရသည်။ စစ်တပ်အာဏာသိမ်းပြီးနောက် ပြည်တွင်းကူးစက်မှုပြန်လည်ဖြစ်ပေါ်လာသော covid-19 တတိယလှိုင်းတွင် မြစ်ကြီးနားနှင့် ဝိုင်မော်မြို့ပေါ်ရှိ စစ်ရှောင်စခန်းအများစုတွင် ရောဂါကူးစက်ပျံ့နှံ့မှုရှိနေသဖြင့် စားနပ်ရိက္ခာ ထောက်ပံ့မှုများလိုအပ်နေကြောင်း သိရသည်။

https://burmese.kachinnews.com/2021/08/17/aug-17-y1/

**********************

**၆။ တနိုင်းတွင် Covid-19 လက္ခဏာဖြင့် နေ့စဉ် သေဆုံးသူ ရှိနေ**

18th August 2021

တနိုင်းမြို့တွင် Covid-19 လက္ခဏာဖြင့် သေဆုံးမှုများ တစ်ရက်လျှင် အနည်းဆုံး ၄ ဦးခန့် ပုံမှန်ရှိနေကြောင်း တနိုင်း လူမှုရေးအဖွဲ့တစ်ခုထံမှ သိရသည်။

ဩဂုတ်လ ၁၈ ရက် ယနေ့တစ်ရက်တည်း သေဆုံးသူ ၃ ဦးအထိရှိခဲ့ပြီး မြို့ပေါ် ရပ်ကွက် စခုရှိသည့်အနက် ဆမ့်ဆ ရပ်ကွက်တွင် လူသေဆုံးမှုအများဆုံးဖြစ်ပေါ်နေကြောင်း သိရသည်။ ထို့အပြင် မြို့ပေါ်ရပ်ကွက်တိုင်းတွင် ကိုဗစ်လက္ခဏာဖြင့် ဖျားနာသူများရှိနေကာ မြို့လူဦးရေ၏ ထက်ဝက်ခန့်မှာ အနံ့ပျောက်လက္ခဏာဖြစ်နေသည်ဟု သူက ဆက်လက်ပြောဆိုသည်။

လက်ရှိ တနိုင်းမြို့တွင် အာဏာသိမ်းစစ်ကောင်စီအဖွဲ့က ကိုဗစ်လူနာများအတွက် မြို့တွင်း နေရာ ၃ ခုတွင် Quarantine Center အဖြစ်သတ်မှတ်ထားသော်လည်း အုပ်ချုပ်ရေးအဖွဲ့မှ ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်ပေးခြင်း မရှိကြောင်း သိရသည်။ ထို့အပြင် တနိုင်းမြို့နယ် ရှိန်ဗွေယန်မြို့နယ်ခွဲတွင်လည်း Covid-19 ကူးစက်သူ များပြားကာ လူမှုကူညီရေးအဖွဲ့များဖြင့်သာ ရောဂါတိုက်ဖျက်နေရကြောင်း သိရသည်။ https://burmese.kachinnews.com/2021/08/18/aug-18-y1/

*******************

## ၇။ အရေးတော်ပုံမအောင်မချင်း ကရင်နီတပ်မတော် ဦးဆောင်လမ်းညွှန်မှုနဲ့ ဆက်လက်တိုက်ပွဲဝင်သွားမယ်လို့ KNDF ဆို

August 17, 2021

ကရင်နီအမျိုးသားကာကွယ်ရေးတပ် (KNDF) အနေနဲ့ အာဏာရှင်စနစ်ဖြုတ်ချရေး၊ အမျိုးသားတန်းတူရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပေါ်ပေါက်ရေးတို့အတွက် အရေးတော်ပုံမအောင်မချင်း ကရင်နီတပ်မတော်ရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ ဆက်လက်တိုက်ပွဲဝင်သွားမှာ ဖြစ်တယ်လို့ ယနေ့ ဩဂုတ်လ (၁၇)ရက်နေ့မှာ ကျရောက်တဲ့ (၇၃)နှစ်မြောက် ကရင်နီတပ်မတော်နေ့မှာ ပေးပို့တဲ့ သဝဏ်လွှာမှာ ထည့်သွင်းရေးသားထားပါတယ်။

စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း လူထုတစ်ရပ်လုံးမှ တန်းတူအခွင့်အရေးရရှိဖို့ စစ်အာဏာရှင်စနစ်ပျက်သုန်းပြီး ဖက်ဒရယ်နိုင်ငံထူထောင်ဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ နွေဦးတော်လှန်ရေး ပေါ်ပေါက်လာသလို KNPP ရဲ့ မူလရည်ရွယ်အချက်အတိုင်း အာဏာရှင်စနစ်ကို ပြုတ်ကျစေပြီး ဖက်ဒရယ်နိုင်ငံတည်ထောင်သွားမယ်လို့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အတွင်းရေးမှူး-၁ ခူးဒယ်နီယာယ်က ဆိုပါတယ်။ လက်ရှိ စစ်အာဏာရှင်ကိုတော်လှန်နေကြတဲ့ ပြည်သူ့ကာကွယ်ရေးတပ်သာမက အနယ်နယ်အရပ်ရပ်မှာရှိတဲ့ အာဏာရှင်တော်လှန်နေသူတိုင်းနဲ့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပြီး CRPH ၊ NUG အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မှု လုပ်ရမယ်လို့ ခူးဒယ်နီယာယ်က ဆိုပါတယ်။

စစ်တပ်မှ လက်နက်အားကိုးနဲ့ နိုင်ငံတော်ကိုသိမ်းယူပြီးနောက်ပိုင်း ကရင်နီပြည်တွင်း တွန်းလှန်တိုက်ခိုက်ခဲ့တဲ့ တိုက်ပွဲတွေမှာ ကရင်နီတပ်မတော်မှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နဲ့အတူ ရှေ့တန်းမှ ပါဝင်တိုက်ခိုက်ခဲ့ပြီး လူငယ်မောင်မယ်တွေကိုလည်း စစ်အာဏာရှင်စနစ်ကို တွန်းလှန်ရေးအတွက် အခြေခံစစ်ပညာများကို သင်ကြားပေးခဲ့တဲ့အပြင် ကရင်နီပြည်တွင်းရှိ ဒေသအသီးသီးမှ ပြည်သူ့ကာကွယ်ရေးတပ်များနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ညီညွတ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံပြီး အာဏာသိမ်းစစ်ကောင်စီကို ဦးဆောင် တော်လှန်လျက်ရှိတယ်လို့ KNDFမှ ကရင်နီတပ်မတော်နေ့သို့ ပေးပို့တဲ့ သဝဏ်လွှာမှာ ဖော်ပြထားပါတယ်။ https://www.kantarawaddytimes.org/?p=13685

*******************

## ၈။ အကြမ်းဖက်စစ်ကောင်စီတပ်မှ ဒီမောဆိုမြို့နယ်အရှေ့ဖက်ခြမ်းရှိ ဒေသခံပြည်သူတွေကို ဖမ်းဆီးပြီး ခါးစာခံပြုလုပ်နေ

August 17, 2021

အကြမ်းဖက်စစ်ကောင်စီတပ်မှ ကရင်နီပြည်နယ် ဒီမောဆိုမြို့နယ် အရှေ့ဖက်ခြမ်းရှိ ကျေးရွာသားအချို့ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး ခါးစာခံပုံစံမျိုး လုပ်ဆောင်နေတယ်လို့ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ (KSCC ) မှ Humanitarian Focal တစ်ဦးက ပြောပါတယ်။

ဒါ့အပြင် ဩဂုတ်လ ၁၄ရက်နေ့မှာ ရိက္ခာပြန်လာယူတဲ့ ဒေသခံပြည်သူ ၅ဦးကို စစ်ကောင်စီတပ်မှ ဖမ်းဆီးခေါ်ဆောင်သွားပြီး ဒေသခံတွေ့ရှိချက်အရ ရိုက်နှက်ခံရမှုရှိသလို လူသားဒိုင်းကာလုပ်ပြီး ရှေ့လမ်းအနေနဲ့ ခေါ်ဆောင်သွားတယ်လို့ ဒေသခံပြောကြားချက်အရ သိရပါတယ်။ ဒီမောဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်အတွင်းမှာ စစ်ကောင်စီတပ်မှ အင်အားဖြည့်တင်းမှုနဲ့ ထိုးစစ်ဆင်မှုကြောင့် တိုက်ပွဲပြင်းထန်လာနိုင်တဲ့အတွက် ပြည်သူတွေအနေနဲ့ လုံခြုံရေးသတိရှိကြဖို့နဲ့ စစ်ဘေးရှောင်တွေ အိမ်ပြန်လို့ရနိုင်တဲ့ အနေအထားမရှိသေးဘူးလို့ KNDF ပြောဆိုခွင့်ရ တစ်ဦးက ဆိုပါတယ်။

ကရင်နီပြည်နယ်မှာ တိုက်ပွဲကြောင့် ဘေးလွတ်ရာကို တိမ်းရှောင်နေရသူတဲ့ စစ်ဘေးရှောင်ဦးရေ တစ်သိန်းကျော်အထိ ရှိနေဆဲဖြစ်ပြီး ဖမ်းဆီးခံရသူတွေလည်း ရှိနေပါတယ်။ https://www.kantarawaddytimes.org/?p=13682

*******************

## ၉။ မြဝတီနယ်စပ်မှတဆင့် ဩဂုတ်လ ၁ ရက်နေ့မှ ယနေ့ထိ ထိုင်းပြန်မြန်မာလုပ်သား ၁,၈၀၀ ကျော်ဝင်ရောက်ခဲ့

August 20, 202

ကရင်ပြည်နယ် မြဝတီမြို့၊ မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် ထိုင်းပြန်မြန်မာ လုပ်သားများအား ပြန်လည်လက်ခံခြင်းကို ဩဂုတ်လ ၁ ရက်နေ့မှစ၍ တစ်ရက်ခြား ၂၀၀ ဦးနှုန်းဖြင့် လက်ခံဆောင်ရွက်ပေး လျက်ရှိရာ ယမန်နေ့ ဩဂုတ်လ ၁၇ ရက်နေ့ထိ စုစုပေါင်း ၁,၈၀၀ ကျော် ဝင်ရောက်ခဲ့ ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်း၊ ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါပိုးရှိမရှိ စစ်ဆေးဆောင်ရွက်ခြင်း နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများကို မြဝတီနယ်စပ်ရှိ တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက် ရှိသည်။ ထို့အပြင် အခြားတိုင်းနှင့်ပြည်နယ်များသို့ သွားမည့် နေရပ်ပြန်များအား မော်တော်ယာဉ်များဖြင့်ပို့ဆောင်ပေးကာ ကိုဗစ်ပိုးရှိ မရှိ စစ်ဆေးခြင်းနှင့် ကန့်သတ်စောင့်ကြည့်ခြင်းတို့အား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်တို့မှ စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟုလည်း ၎င်းက ဆက်ပြောသည်။

ယခုကာလအတွင်း ထိုင်းနိုင်ငံမှ ပြန်လာသည့် မြန်မာလုပ်သား အများစုမှာ ခရီးစရိတ် ထိုင်းငွေ ဘတ် ၈၀၀၀ ဝန်းကျင်ခန့် ကုန်ကျမှုရှိခဲ့ပြီး ထိုင်းရဲမှ ဖမ်းဆီးခံခဲ့ရသည့်ပုံစံမျိုးဖြင့် နယ်စပ်သို့ပြန်လာခဲ့ရသည်ဟု နေရပ်ပြန် မြန်မာလုပ်သားတစ်ချို့၏ ပြောဆိုမှုအရ သိရသည်။ https://kicnews.org/

********************

## ၁၀။ KNU တပ်မဟာ(၅)တွင် ၁၅ ရက်အတွင်း တိုက်ပွဲပေါင်း ၅၆ ကြိမ်ဖြစ်ပွားပြီး စစ်ကောင်စီဘက်မှ တပ်ရင်းမှူး တစ်ဦးအပါအဝင် ၃၄ ဦးကျဆုံး

August 18, 2021

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ(၅)နယ်မြေ (မူတြော်ခရိုင်)တွင် ဩဂုတ်လ ၁ ရက်မှ ၁၅ ရက်နေ့အထိ စစ်ကောင်စီတပ်နှင့် နယ်မြေခံ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် -KNLA တပ်ဖွဲ့ဝင် များကြား တိုက်ပွဲပေါင်း ၅၆ ကြိမ်ဖြစ်ပွားခဲ့ရာ စစ်ကောင်စီဘက်မှ တပ်ရင်းမှူးတစ်ဦးအပါအဝင် ၃၄ ဦးကျဆုံးခဲ့ သည်ဟု KNU တပ်မဟာ (၅) က ဩဂုတ်လ ၁၇ရက်နေ့တွင် ထုတ်ပြန်ထားသည်။ ထို့အပြင် စစ်ကောင်စီတပ်ဘက်မှ ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး KNLA တပ်မဟာ(၅) ဘက်မှ ၃ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ယင်းပစ်ခတ်မှုအတွင်း စစ်ကောင်စီတပ်ဘက်မှ လက်နက်ကြီး ၈၈ လုံးနှင့် လက်နက်ငယ်ပေါင်း ၁၅၀၀ လုံး ပစ်ခတ်ခဲ့ပြီး ဒေသခံလူထုနေထိုင်သည့်ကျေးရွာနှင့် လုပ်ကိုင်စားသောက်သည့် ဥယျာဉ်ခြံနေရာများသို့ လက်နက်ကြီးများ ကျရောက်ပေါက်ကွဲသည့်အတွက် ဒေသခံ ၁ ဦးသေဆုံးကာ ၁ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟုလည်း ကေအဲန်ယူ တပ်မဟာ (၅) ထုတ်ပြန်ထားသည်။

KNU တပ်မဟာ(၅)၏ လစဉ်ထုတ်ပြန်ချက်အရ ယခင်လ ဇူလိုင်လတွင် ၎င်းတို့နယ်မြေအတွင်း တိုက်ပွဲပေါင်း ၁၃၃ ကြိမ်ဖြစ်ပွားခဲ့ရာ စစ်ကောင်စီတပ်ဘက်မှ ဒုတိယဗိုလ်မှူးကြီးအဆင့်တစ်ဦးအပါအဝင် ၆၅ ဦးကျဆုံး၊ ၁၀၁ ဦး ထိခိုက်ဒဏ်ရာရရှိပြီး KNLA တပ်မဟာ(၅)ဘက်မှ ၃ ဦး ဒဏ်ရာရရှိခဲ့သည်။ https://kicnews.org/2021/0

******************

## ၁၁။ မယ်လအူး ဒုက္ခသည်စခန်းအတွင်း ကိုဗစ်ကူးစက်ခံရသူ ၆ ဦး တွေ့ရှိသဖြင့် စခန်းတွင်း သွားလာမှု တင်းကြပ်ထား

August 18, 2021

ထိုင်း-မြန်မာ နယ်စပ် မယ်လအူး ဒုက္ခသည် စခန်းတွင်း နေထိုင်သူ မိသားစု တစ်စု၌ ယမန်နေ့ ဩဂုတ်လ ၁၇ ရက်နေ့တွင် ကိုဗစ်ရောဂါပိုးကူးစက်ခံရသူ ၆ ဦး တွေ့ရှိသဖြင့် စခန်းတွင်း သွားလာမှု တင်းကြပ်ထားလိုက်ရသည်ဟု စခန်းတာဝန်ရှိသူများထံမှ သိရသည်။

လတ်တလောတွင် အခြားနေရာအတွင်း ကူးစက်ခံရမှု ရှိ မရှိ အသိရသေးဘဲ စခန်းအတွင်း သွားလာမှုများကို တားမြစ်ထားပြီး အိမ်တွင်းသာနေထိုင်ရန်၊ အရေးကြီးကိစ္စရှိမှသာ Mask တပ်၍ သွားလာရန် အသိပေးနှိုးဆော်ထားပြီး လာမည့် နံနက်ဖန်တွင်လည်း ရပ်ကွက် (၂)အတွင်းရှိ နေအိမ်အားလုံးကို ကျန်းမာရေး တာဝန်ရှိ သူများမှ စစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု စခန်းဥက္ကဋ္ဌ စောပူဒေး က ဆက်ပြောသည်။

လတ်တလောတွင်လည်း အဆိုပါ ကူးစက်ခံရမှုရှိလာခြင်းကြောင့် စခန်းတွင်း နေထိုင်သူများအနေဖြင့် စိုးရိမ်မှုများ ရှိနေပြီး စခန်းတွင်း သွားလာ လှုပ်ရှားမှုလည်း နည်းပါးလာကြောင်းနှင့် အခြေအနေပို ဆိုးလာမည်ကို စိုးရိမ်သောကြောင့် စားနပ်ရိက္ခာကြိုထုတ်ဝယ်ယူထားသူအချို့လည်းရှိနေကြောင်း စခန်းတွင်း နေထိုင်သူများက ဆိုသည်။ ပြီးခဲ့သည့် လများတွင်လည်း ထိုင်း-မြန်မာ နယ်စပ်ရှိ မယ်လ ၊ အုန်းဖျန် နှင့် ထမ်းဟင် ဒုက္ခသည် စခန်းများတွင်လည်း အလားတူ ကိုဗစ်ရောဂါ ကူးစက်ခံရမှုရှိခဲ့ပြီး သေဆုံးသည့် အခြေအနေထိ မရောက်ရှိခဲ့ကြောင်း သိရသည်။ https://kicnews.org/2021/08

*******************

## ၁၂။ စစ်ကောင်စီတပ်နှင့် BGF ပူးပေါင်းတပ်က နှစ်ရက်အတွင်း အပြီးရှောင်ရန် သတိပေး၍ ကျေးရွာသားများ ရှောင်တိမ်းနေ

August 17, 2021

KNU-ကရင်အမျိုးသားအစည်းအရုံး၊ မူတြော်ခရိုင်(ဖာပွန်)/တပ်မဟာ(၅)နယ်မြေ၊ ဒွယ်လိုးမြို့နယ် မာထောကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာသားများအား နှစ်ရက်အတွင်း အပြီးရှောင်ပေးရန် စစ်ကောင်စီနှင့် BGF ပူးပေါင်းတပ်ဖွဲ့များက ဩဂုတ်လ ၁၅ရက်နေ့တွင် သတိပေးပြောဆိုလာသည့်အတွက် လက်ရှိတွင် ဒေသခံရွာသားများမှာ နီးစပ်ရာကျေးရွာ များသို့ ရှောင်တိမ်းနေကြရသည်ဟု သိရသည်။

ယခုရက်ပိုင်းတွင် အဆိုပါကျေးရွာအစုအတွင်းရှိ အနီးအနားတွင် နယ်မြေခံ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) တပ်ဖွဲ့ဝင်များနှင့် စစ်ကောင်စီ၊ BGF ပူးပေါင်းတပ်ဖွဲ့ဝင်များအကြား ပစ်ခတ်မှုများရှိပြီး နယ်မြေခံ KNLA ဘက်မှ ထပ်မံပစ်ခတ်မှုများ ဆက်လက်လုပ်ဆောင်နေပါက လူထုပါမကျန် ပြန်လည်တုန့်ပြန်ပစ်ခတ်မည်ဟု စစ်ကောင်စီတပ်ဘက်က

ခြိမ်းခြောက်ပြောဆိုသည့်အတွက် ဒေသခံများမှာ စိုးရိမ်ကြောက်လန့်နေကြရသည်ဟုလည်း အမည်မဖော်လိုသူ အခြားဒေသခံ ရွာသားတစ်ဦးက ပြောသည်။

ဩဂုတ်လ (၁)ရက်နေ့မှစ၍ KNU မူတြော်ခရိုင်၊ တပ်မဟာ(၅)နယ်မြေတွင် စစ်ကောင်စီနှင့် BGF ပူးပေါင်းတပ်များက စစ်ရေးလှုပ်ရှားမှုများ နည်းဗျူဟာကျကျ လုပ်ဆောင်လာသလို BGF တပ်ဖွဲ့ကလည်း ယခုလတွင် တပ်အင်အား ထပ်မံ တိုးချဲ့လာမှုများ လုပ်ဆောင်လာသည့်အတွက် နယ်မြေခံ KNLA တပ်ဖွဲ့ဝင်များနှင့် နေ့စဥ်လိုလို ပစ်ခတ်မှုဖြစ်ပွားလျှက် ရှိသည်ဟု KNU မူတြော်ခရိုင်တာဝန်ရှိသူများထံမှ သိရသည်။ https://kicnews.org/2021/08

**********************

## ၁၃။ မြဝတီခရိုင်ထွေအုပ်ရုံးထဲဝင်ရောက်ပြီး အုတ်ခဲဖြင့်ပစ်ပေါက်ခဲ့သူအား လုံခြုံရေးရဲမှ ပစ်ခတ်ဖမ်းဆီး၍ အမှုဖွင့်ထား

August 17, 2021

ကရင်ပြည်နယ် မြဝတီမြို့ အမှတ် ၄ ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံးသို့ ဝင်ရောက်ပြီး အုတ်ခဲဖြင့် ပစ်ပေါက်ခဲ့သည့် အသက် ၂၃ နှစ်အရွယ် လူငယ်တစ်ဦးအား လုံခြုံရေးရဲမှ ပစ်ခတ်ဖမ်းဆီးပြီးနောက် မြဝတီမြို့မရဲစခန်းတွင် အမှုဖွင့် ထိန်းသိမ်းထားကြောင်း သိရသည်။

ယနေ့ ဩဂုတ်လ ၁၇ ရက် နေ့လည် ၁၂ နာရီကျော်ခန့်က မြဝတီခရိုင်ထွေ အုပ်ရုံးသို့ဆိုင်ကယ်စီးပြီး ဝင်လာသည့် လူငယ်တစ်ဦးက ရုံး၏အဆောက်အဦးအတွင်း ဝင်ရောက်ပြီးအုတ်ခဲဖြင့် ပစ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ အုတ်ခဲဖြင့်ပစ်ပေါက်မှုကြောင့် လူတစ်စုံတစ်ဦးမျှ ထိခိုက်မှုမရှိသော်လည်း လူငယ်အား လုံခြုံရေး ရဲ မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ လက်တွင် ထိခိုက်ဒဏ်ရာရ ရှိခဲ့သည်။

အဆိုပါ အုတ်ခဲဖြင့် ပစ်ပေါက်ခဲ့သူမှာ မြဝတီမြို့ အမှတ် ၂ ရပ်ကွက်နေ မောင်ကျော်ရဲဦး အသက် (၂၃)နှစ် ဆိုသူဖြစ်ပြီး မည်သည့်အတွက်ကြောင့် ထိုသို့ အုတ်ခဲဖြင့် ပစ်ခတ်ရသည်ကို စစ်ဆေးနေဆဲဖြစ်ပြီး လက်ရှိတွင် ၎င်းအား မြဝတီမြို့မရဲစခန်းတွင် ထိန်းသိမ်းထားကာ အမှုဖွင့် အရေးယူသွားမည်ဟု မြို့မရဲစခန်းမှ သိရသည်။လက်ရှိ မြဝတီမြို့တွင် ကိုဗစ်ကာလ ကန့်သတ်ချက်များကြောင့် လူထုများအလွန် ဒုက္ခရောက်နေကြသည့်အပေါ် စိတ်ခံစားမှုများပြီး ခရိုင်ထွေအုပ်၏ စီမံခန့်ခွဲမှုကို မကျေနပ်၍ ပေါက်ကွဲမှုလည်း ဖြစ်နိုင်သည်ဟု မြို့ခံတစ်ချို့က သုံးသပ်မှုများရှိနေသည်။ https://kicnews.org/2021/08

*******************

## ၁၄။ အုန်းဖျန် ဒုက္ခသည်စခန်းနေ လူငယ်တစ်ဦး ပစ္စည်းခိုးသည်ဟု အစွပ်စွဲခံရပြီး ပစ်သတ်ခံခဲ့ရ

August 17, 2021

ထိုင်း-မြန်မာနယ်စပ်ရှိ အုန်းဖျန် ဒုက္ခသည်စခန်းတွင် နေထိုင်သူ အသက် (၁၉) နှစ်အရွယ်လူငယ်တစ်ဦးသည် စခန်းအတွင်းရှိ နေအိမ်မှ ပျောက်ဆုံး သွားပြီးနောက် စခန်း၏ ၅ ကီလိုမီတာ အကွာအဝေးရှိ မြောင်ကျေးရွာတစ်ရွာတွင် ပစ္စည်းခိုးယူသည်ဟု ဆိုကာ ယမန်နေ့ ဩဂုတ်လ ၁၆ ရက်နေ့က သေနတ်ဖြင့် ပစ်သတ်ခြင်း ခံခဲ့ရသည့် ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်ဟု စခန်းတာဝန်ရှိသူများထံမှ သိရသည်။

အဆိုပါ လူငယ်ကို ၉ မမ ပစ္စတို သေနတ်ဖြင့် ပစ်သတ်ခဲ့ခြင်းဖြစ်ပြီး ပစ်သတ်ခံရစဉ်တွင် ဝမ်းဗိုက်တွင် နှစ်ချက်၊ လက်တွင် တစ်ချက် ပစ်သတ်ခံခဲ့ရခြင်းဖြစ်သော်လည်း ၎င်းအခင်းဖြစ်ပွားရာနေရာတွင် ကျည်ခွံ ၄ခု တွေ့ရှိကြောင်း နှင့် အဆိုပါ သေနတ်မှာလည်း လိုင်စင်ရှိကြောင်း စောဆာထုက ဆက်ပြောသည်။ ၎င်းလူငယ် သေဆုံးမှုအတွက် မိသားစုများမှ ရုပ်အလောင်းပြန်လည်ရရှိရေးနှင့် ပစ်ခတ်သူကို တရားဥပဒေအရ အရေးယူဆောင်ရွက်ပေးရေး မိသားစုကလိုလားပြီး ၎င်းအတွက် ဥပဒေ အထောက်အကူပြုဌာန(LAC) ကို အကူအညီတောင်းထားကာ အခင်းဖြစ်ပွားပြီးနောက် သက်ဆိုင်ရာ ကရင်ဒုက္ခသည် ကော်မတီ(KRC) အပါအဝင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး -UNHCR မှတာဝန်ရှိသူများ၊ The Border Consortium(TBC) စသည့် အဖွဲ့အစည်းများကိုပါ အသိပေး အကြောင်းကြားထားကြောင်းလည်း စခန်းတာဝန်ရှိသူများက ဆိုသည်။

လတ်တလောတွင် အဆိုပါ ကိစ္စ နှင့်ပတ်သက်ပြီး အခင်းဖြစ်ပွားမှုကို သက်ဆိုင်ရာ စခန်းတာဝန်ရှိသူများနှင့် နယ်မြေခံ ရဲစခန်းမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ရာတွင် သက်ဆိုင်ရာရဲများက ရာဇဝတ်မှုဟု ယူဆသောကြောင့် မှူခင်းရဲတာဝန်ရှိသူများကိုပါ ထပ်မံခေါ်ယူခဲ့စစ်ဆေးခဲ့ပြီးနောက် ရုပ်အလောင်းကို ဖုတ်ဖရမြို့ဆေးရုံသို့ သယ်ယူသွားကြောင်းလည်း စခန်း တာဝန်ရှိသူများက ဆိုသည်။ အုန်းဖျန် ဒုက္ခသည်စခန်းတွင်း နေထိုင်သူ ဒုက္ခသည်အများစုသည် စခန်းတွင်း အလုပ်အကိုင် မရှိခြင်းကြောင့် စခန်းပြင်ထွက်၍ အဆိုပါမြောင်ရွာကြီးသို့ နေ့စား အလုပ် သွားရောက် လုပ်ကိုင်လေ့ရှိကြကြောင်း သိရသည်။

https://kicnews.org/2021/08

******************

## ၁၅။ အမှိုက်သိမ်းယာဉ်ပေါ်မှာ လက်လုပ်ဗုံး အသေးစားပေါက်ကွဲမှုဖြစ်ခဲ့ပြီး စည်ပင်ဝန်ထမ်းတစ်ဦး ခြေထောက်တွင် ဒဏ်ရာအနည်းငယ်ရ

August 20, 2021

ကရင်ပြည်နယ် မြဝတီမြို့တွင် စည်ပင်အမှိုက်ကားပေါ်တွင် လက်လုပ်ဗုံး အသေးစားဟု ယူဆရသော ပေါက်ကွဲမှုတစ်ခု ယမန်နေ့ နံနက်ပိုင်းက ဖြစ်ခဲ့ပြီး အမှိုက်သိမ်းစည်ပင်လုပ်သားတစ်ဦး ခြေထောက်တွင် အနည်းငယ် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

မြဝတီမြို့ အမှတ် ၄ ရပ်ကွက် အောင်မြေရွှေဘုံလမ်းထိပ် အာရှလမ်းမပေါ်တွင် ယမန်နေ့ ဩဂုတ်လ ၁၈ ရက် နံနက် ၈နာရီခွဲ အချိန်ခန့်က ဖြစ်သွားခဲ့ခြင်းဖြစ်သည်။ စည်ပင်အမှိုက်သိမ်းကားမှ မြဝတီချစ်ကြည်ရေးတံတားထိပ်နှင့် ဘုရင့်နောင်လမ်း တလျှောက်ရှိ အမှိုက်များကိုသိမ်းပြီး အမှိုက်စွန့်ရန် သွားရောက်နေစဉ် အမှိုက်များ ပွနေ၍ ခြေဖြင့် နင်းသိပ်စဉ် ကားပေါ်ပါ အမှိုက်အိတ်တွင်းမှ ပေါက်ကွဲမှု ဖြစ်ခဲ့ခြင်းဖြစ်သည်ဟု မြို့နယ်စည်ပင်သာယာရေးထံမှ သိရသည်။

ယခုလို လက်လုပ်ဗုံးဟုယူဆရသော လူကို ဒဏ်ရာရသေစေနိုင်သည့် အရာဝတ္ထုပစ္စည်းများကို အမှိုက်အိတ်များနှင့် ရောထွေးထားမှုသည် သာမာန်ပြည်သူများအပြင် အမှိုက်အိတ်များနှင့် တိုက်ရိုက်ထိတွေ့ရသော အောက်ခြေ အမှိုက်သိမ်းစည်ပင်ဝန်ထမ်းများအတွက် အန္တရာယ်ရှိစေနိုင် သည့်အတွက် မလုပ်ထိုက်သည့် ကိစ္စသာဖြစ်ကြောင်း ဦးစောရောဘတ်ထူးက ပြောဆိုသည်။ https://kicnews.org/2021/08

*******************

## ၁၆။ ကုန်ဈေးနှုန်းမြင့်တက်မှုကြောင့် ဝင်ငွေမရှိသည့် ကျေးလက်နေလူထုများအတွက် အခက်အခဲဖြစ်နေ

August 20, 2021

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်တောင်ပိုင်းရှိ ကျေးရွာများမှ ဝင်ငွေမရှိသည့် ကျေးလက်နေလူထုများသည် လတ်တလော ကုန်ဈေးနှုန်းမြင့်တက်မှုကြောင့် နေ့စဉ်စားဝတ်နေရေးအတွက် အခက်အခဲဖြစ်နေသည်ဟု ဒေသခံများထံမှ သိရှိရသည်။

ထို့အပြင် ကျေးရွာရှိ ဆိုင်များမှာ နီးစပ်ရာမြို့၊ ကျေးရွာဖြစ်သည့် ကျိတ်၊ ကျိုက်ဒုံ၊ ကော့ကရိတ်များတွင် ကုန်ပစ္စည်း ထပ်ဆင့်ဝယ်ယူရခြင်းကြောင့် ယခုလို ကုန်ဈေးနှုန်း တက်ရခြင်းဖြစ်သည်ဟုလည်း ၎င်းက ဆက်ပြောသည်။ လက်ရှိတွင် အဆိုပါ ကျေးရွာများဖြစ်သည့် သဒဲခို၊ ကျိတ်၊ ကွင်းကလေးအပါအဝင် ဒေါနတောင်ခြေတစ်လျှောက်ရှိ ကျေးရွာများတွင် လမ်းများပြန်ဖွင့်ပေးသော်လည်း အချိန်သတ်မှတ်ချက်နှင့် အလုပ်လုပ်ရန်၊ ကုန်ပစ္စည်း ဝယ်ယူလျှင် တစ်လကို ၃ ရက် သို့မဟုတ် ၃ ကြိမ် သတ်မှတ်ကာ ဈေးဝယ်ယူခွင့်ပြုထားခြင်းရှိသည်ဟု ကျေးရွာရှိ တာဝန်ရှိသူက ပြောသည်။

ကော့ကရိတ်တောင်ပိုင်းရှိ ဝင်ငွေမရှိသည့်မိသားစုအများစုမှာ ထိုင်းနိုင်ငံတွင် အလုပ်လုပ်သည့် သား၊ သမီးများကို မှီခိုအားထားရပြီး အသွားအလာကန့်သတ်မှုကြောင့် ထိုင်းနိုင်ငံရှိသားသမီးများမှာ ငွေပို့ပေး၍ မရသည့်အတွက် အခက်အခဲများကြုံတွေ့ရသည်ဟုလည်း ဒေသခံများက ပြောသည်။ https://kicnews.org/2021/08

***********************

## ၁၇။ မဲဆောက်ဒေသရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ကိုဗစ်ကာကွယ်ဆေးထိုးနှံပေး

August 20, 2021

ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်၊ မဲဆောက်ဒေသရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ယမန်နေ့ ဩဂုတ်လ ၁၇ ရက်နေ့ မှစပြီး ထိုင်းကျန်းမာရေးဌာန တာဝန်ရှိသူများမှ ကိုဗစ်ကာကွယ်ဆေးများ စတင်ထိုးနှံပေးနေကြောင်း အလုပ်သမားအရေး ဆောင်ရွက်သူများထံမှ သိရသည်။

ယခုလ ၁၇ ရက်နေ့မှ စတင်ထိုးနှံပေးခြင်းဖြစ်သည့်အတွက် ထိုင်းနိုင်ငံ၏ အခြားဒေသထက်စာလျှင် နောက်ကျ နေကြောင်းနှင့် လူဦးရေ (၅,၀၀၀)စာသာ ကနဦးသတ်မှတ်ထားသော်လည်း မဲဆောက်ဒေသတွင် မြန်မာရွှေ့ပြောင်း လူဦးရေ နှစ်သိန်းခွဲခန့်ရှိနေကြောင်းလည်း ဦးမိုးကြိုးက ဆက်ပြောသည်။ ယခုလို ကာကွယ်ဈေး ထိုးနှံရာတွင် စာရွက်စာတမ်း အထောက်အထားရှိသည့် မြန်မာရွှေ့ပြောင်း အလုပ်သမား များကိုသာ ထိုးနှံပေးခြင်းဖြစ်ပြီး အလုပ်သမားအနေဖြင့် သွားရောက်ထိုးနှံရာတွင် အလုပ်ရှင်၏ ထောက်ခံစာ အပြည့်အစုံဖြင့် စာရင်းပေးသွင်းရမည်ဖြစ်ပြီး ကျန်းမာရေး ကနဦး စစ်ဆေးမှုပြုလုပ်ပြီးမှ ထိုးနှံပေးခြင်း ဖြစ်သည်ဟု သိရသည်။

ထိုင်းနိုင်ငံအတွင်း ပြီးခဲ့သည့် လများတွင် ကိုဗစ်တတိယလှိုင်း ကူးစက်မှု မြင့်မားခဲ့ပြီး မြန်မာရွှေ့ပြောင်းအလုပ်သမား အများဆုံးနေထိုင်သည့် မဲဆောက်ဒေသ၌လည်း ကူးစက်မှု အမြင့်မားဆုံးဖြစ်ပွားခဲ့ကာ လက်ရှိ ကိုဗစ်ကာ ကွယ်ဆေး ထိုးနှံခြင်းကိုလည်း ပါဝင်ထိုးနှံသွားကြရန် ကျန်းမာရေးပညာရှင်များနှင့် မြန်မာရွှေ့ပြောင်းအလုပ် သမားအရေးဆောင်ရွက်သူများက တိုက်တွန်းထားသည်။ https://kicnews.org/2021/08/

********************

## ၁၈။ မြဝတီမြို့နယ်မှ မိုင်းထိလူငယ်တစ်ဦး တောနော်ဆေးရုံတွင် ဆေးကုသမှုခံယူနေရ

August 20, 2021

ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ၊ မေတ္တာလင်းမြိုင်အနီးတွင် အသက် ၂၄ နှစ်အရွယ် လူငယ်တစ်ဦး ဩဂုတ်လ ၁၆ ရက်နေ့တွင် မိုင်းနင်းမိရာမှ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လက်ရှိတွင် ကော့ကရိတ်မြို့နယ်ရှိ KNU-ကရင်အမျိုးသား အစည်းအရုံးမှ ဖွင့်လှစ်ထားသော တောနော်ဆေးရုံတွင် ဆေးကုသမှုခံယူနေရကြောင်း သိရသည်။

အဆိုပါ မိုင်းနင်းမိသောကြောင့် စောအယ်စိ၏ ညာဘက်ခြေထောက်မှာ လုံးဝကြေမွသွား၍ ဒူးအောက်မှစကာ ဖြတ်လိုက်ရပြီး လက်ရှိတွင် သူ၏အသက်အန္တရာယ်အတွက် စိုးရိမ်ရမှုမရှိကြောင်း ကော့ကရိတ်မြို့နယ် တောနော် ဆေးရုံမှ ကျန်းမာရေး ဝန်ထမ်းတစ်ဦးက ပြောသည်။

မိုင်းထိလူငယ် နင်းမိသည့် မြေမြှုပ်မိုင်းမှာ မည်သည့်အဖွဲ့အစည်းက ထောင်ထားသည်ကို အတိအကျ မသိရှိရသော်လည်း ထိုဒေသမှာ နယ်ခြားစောင့်တပ် ၁၀၂၂ တပ်ရင်းနှင့် စစ်ကောင်စီတပ်များ၏ အခြေစိုက်သည့် နယ်မြေဖြစ်သည်။

https://kicnews.org/2021/08

*********************

## ၁၉။ ၇၄ ကြိမ်မြောက် မွန်တော်လှန်ရေးနေ့အခမ်းအနား အွန်လိုင်းပေါ်တွင်ကျင်းပသွားမည်

(၂၀၂၁ ဩဂုတ် ၁၉)

လာမည့်ဝါခေါင်လပြည့်-ဩဂုတ် ၂၂ ရက်နေ့တွင် ကျရောက်သော ၇၄ ကြိမ်မြောက် မွန်တော်လှန်ရေးနေ့ အခမ်းအနား အထိမ်းအမှတ်ပွဲကို ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် – ၁၉ ကြောင့် အွန်းလိုင်းမှ တဆင့် Zoom Meeting ဖြင့် လူငယ်များတွေ့ဆုံ ကျင်းပသွားမည်ဟု သိရသည်။

ကမ္ဘာ့နိုင်ငံရပ်ခြားရှိ မွန်များအပါအဝင် မွန်အရေးစိတ်ပါဝင်စားသူအားလုံး လမည့်မွန်တော်လှန်ရေးနေ့တွင် Zoom Meeting မှတဆင့် တွေ့ဆုံဆွေးနွေးကြပြီး လူငယ်များ မျိုးချစ်စိတ်ဓါတ်ရှင်သန်တက်ကြွရေး၊ တော်လှန်ရေးနှင့် ပတ်သက်သည့် သမိုင်းကြောင်းများ၊ ဖြစ်စဉ်များကို ဟောပြောသွားမည်ဟု ကျင်းပရေးကော်မတီဝင် မွန်လူငယ် မိစန္ဒာနွန်က ဆိုသည်။

အလားတူ မွန်တော်လှန်ရေးနေ့ အခမ်းအနားများကို မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေများဖြစ်သည့် သထုံ၊ မော်လမြိုင်၊ ထားဝယ်ခရိုင်၊ ဘုရားသုံးဆူဒေသနှင့် ဇဟိုဌာနချုပ်ရှိရာ ရေးချောင်းဖျားဒေသတို့တွင် အကျဉ်းရုံးကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ https://burmese.monnews.org/2021/08/19

*********************

## ၂၀။ ပုဏ္ဏားကျွန်းမြို့နယ်တွင် မျှစ်ခူးပြန်လာသည့်ဟွန်ဒါစက်တပ်လှေနစ်မြုပ်၍ အမျိုးသမီး ၃ ဦးအပါအဝင် ၄ ဦးရေနစ်ပျောက်ဆုံး

18 Aug, 2021

ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ တောဖျားချောင်းတွင် မျှစ်ခူးပြန်လာသည့် လူ (၉) ဦးစီးနှင်းလာသော ဟွန်ဒါစက်တပ်လှေငယ်တစ်စီး ရေစီးပြင်း၍ နစ်မြုပ်သွားရာက အမျိုးသမီး ၃ ဦးနှင့် အမျိုးသား ၁ ဦး၊ စုစုပေါင်း ၄ ဦး ပျောက်ဆုံးနေကြောင်း သတင်းရရှိသည်။

၎င်းဖြစ်စဉ်မှာ ယမန်နေ့ (ဩဂုတ် ၁၆ ရက်) ညနေ ၆ နာရီခွဲ အချိန်ခန့်ကဖြစ်ပွားခဲ့ပြီး ၎င်းစက်လှေမှာ ကန်ပူးကျေးရွာက ဟွန်ဒါစက်လှေဖြစ်ကာ ပုဏ္ဏားကျွန်း- ရသေ့တောင်ကားလမ်းပေါ်ရှိ စေတီပြင် တံတားအနီး တောဖျားချောင်းအတွင်း ရေစီးပြင်း၍ နစ်မြုပ်သွားခဲ့သည်ဟု ပျောက်ဆုံးနေသူများကို လိုက်ရှာရာတွင် ပါဝင်သည့် စေတီပြင်ကျေးရွာက ကိုအောင်ကျော်နိုင်က နိရဥ္စရာသို့ ပြောသည်။ ရေနစ်ပျောက်ဆုံးနေသူများမှာ ပုဏ္ဏားကျွန်းမြို့နယ် ကန်ပူးကျေးရွာက ဦးခင်သန်းမောင် အသက် (၄၂နှစ်) ဇနီးဖြစ်သူ ဒေါ်မဘုယေ အသက် (၃၈နှစ်) ၊ ဒေါ်ဦးဆန်းယုဉ် အသက် (၄၅နှစ်) နှင့် အသက် (၂၂ နှစ်) အရွယ် မဖြူဖြူသန်းတို့ဖြစ်ကြသည်။

၎င်းတို့သည် ကန်ပူးကျေရွာမှ ဟွန်ဒါစက်တပ်လှေနှစ်စီးဖြင့် တောဖျားချောင်းတွင် မျှစ်ခူးသွားချိန်စဉ် ယင်းထဲ အမျိုးသမီးတစ်ဦးကို တောင်ကင်းကိုက်၍ စက်လှေတစ်စီးက ဆေးကုသရန် ပိုးရှိပြင် ကျေးရွာသို့ သွားရောက်ခဲ့ပြီး ကျန်လှေတစ်စီးမှာ ကန်ပူးကျေးရွာသို့ ပြန်လာချိန်တွင် မိုးမှောင်ကျ လှိုင်းကြီးလာသဖြင့် စေတီပြင်ကျေးရွာကမ်းဘက်သို့ ကပ်ရာတွင် တံတားအနီး နစ်မြုပ်သွားခြင်း ဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။

https://burmese.narinjara.com/news/detail/611d28f51002ba04798cd796

********************

## ၂၁။ ပန်ဆိုင်းမြို့ပေါ် တိုက်ပွဲပြင်းထန်

August 20, 20210

သျှမ်းမြောက် မူဆယ်မြို့နယ် ပန်ဆိုင်းမြို့ပေါ်တွင် စစ်ကောင်စီနှင့် ကိုးကန့်တပ်မတော် (MNDAA)တို့သည် ယနေ့ (ဩဂုတ် ၂၀)ရက် နေ့လည်ပိုင်းတွင် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း စုံစမ်းသိရသည်။

ယနေ့ နေ့လည် (၁)နာရီဝန်းကျင်တွင် စစ်ကောင်စီနှင့် MNDAA တို့သည် ပန်ဆိုင်းမြို့ရှိ ရဲစခန်း အနီးတဝိုက်တွင် တိုက်ပွဲပြင်းထန်ခဲ့ပြီး ၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း ပန်ဆိုင်းဒေသခံ အမျိုးသမီးတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။ ပန်ဆိုင်းမြို့ အနီးတဝိုက်တွင် စစ်ကောင်စီနှင့် MNDAAတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားလာခဲ့သည်မှာ ၃ရက်ခန့်ရှိလာပြီဖြစ်ပြီး၊ နေ့စဉ်နှင့်အမျှ လက်နက်ကြီး၊ လက်နက်ငယ်သံများ ကြားနေရကြောင်း၊ လက်ရှိအချိန်ထိ စစ်ရေးတင်းမာနေသဖြင့် ပန်ဆိုင်းမြို့ ပြည်သူများနေအိမ်မှ အပြင်မသွားရဲကြောင်း သိရသည်။

ပန်ဆိုင်းမြို့နယ်အတွင်း MNDAA နဲ့ စစ်ကောင်စီတပ်တို့ တိုက်ပွဲဆက်တိုက်ဖြစ်လာသဖြင့် လက်ရှိမှာ ပန်ဆိုင်းမြို့နယ် တရုတ်နယ်စပ်မျဉ်းပေါ်တွင် စစ်ရှောင် (၁၄၀၀) ခန့်ထွက်ပြေးတိမ်းရှောင်နေရပြီး၊ စားဝတ်နေရေး ခက်ခဲနေကြောင်း သိရသည်။

https://burmese.shannews.org/archives/23814

********************

## ၂၂။ နမ္မတူမြို့နယ် နေအိမ်တချို့ TNLA တပ်သားများ ဝင်ရောက်နေထိုင်

August 18, 2021

သျှမ်းပြည်မြောက်ပိုင်း နမ္မတူမြို့နယ် ပန်လုံကျေးရွာအုပ်စု ထဲတွင် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့က ပြည်သူနေအိမ်တွင် ဝင်ရောက်နေထိုင်နေကြကြောင်း စုံစမ်းသိရသည်။

TNLA တပ်သားများသည် နမ္မတူမြို့နယ် ပန်လုံကျေးရွာအုပ်စုထဲတွင် (၂) လကျော် နေထိုင်သဖြင့် ပြည်သူများစိတ်လုံခြုံမှု မရှိကြောင်း၊ ထို့ပြင် အိမ်တွင်းရှိ မီးဖိုချောင်ပစ္စည်းများကိုလည်း စည်းကမ်းမဲ့ယူသုံးစွဲနေကြောင်း ပန်လုံဒေသခံ အမျိုးသားတစ်ဦးက သျှမ်းသံတော်ဆင့် ကို ပြောသည်။ တအောင်း (TNLA) တပ်သားတို့သည် ကျေးရွာတွင် လာရောက်နေထိုင်ရခြင်းသည် ပန်လုံကျေးရွာဒေသခံများက သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS/SSA ကို သတင်းပေးမည် ကို စိုးရိမ်ကျေးရွာတွင် လာရောက်နေထိုင်နေလျက်ရှိကြောင်း သိရသည်။

ထိုကိစ္စနှင့်ပတ်သတ်ပြီး တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ပြောခွင့်ရင် ဗိုလ်မှူး မိုင်းအိုက်ကျော်ကို သျှမ်းသံတော်ဆင့်မှ ကြိုးစားဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်၍ မရခဲ့ပေ။ TNLA တပ်သားများ ပန်လုံကျေးရွာတွင်းထဲ လာရောက်နေထိုင်မှုကို အမြန်ဆုံးထွက်ခွာသွားပေးရန်အတွက် ဒေသခံများက တောင်းဆိုလိုက်သည်။ နမ္မတူမြို့နယ် ပန်လုံကျေး ရွာအနီးတဝိုက် RCSS/SSA နှင့် မြောက်ပိုင်းမဟာမိတ် တပ်ဖွဲ့ မကြာခဏ တိုက်ပွဲဖြစ်ပွားသည့် နေရာဖြစ်ကြောင်းသိရသည်။ https://burmese.shannews.org/archives/23793

********************

## ၂၃။ ကျောက်မဲ – မိုင်းငေါ့လမ်းပိုင်း မြေပြိုမှုဖြစ်ပွား

August 19, 2021

သျှမ်းမြောက် ကျောက်မဲမြို့နယ် ကျောက်မဲ – မိုင်းငေါ့လမ်းပိုင်းတွင် မိုးဆက်တိုက်ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း စုံစမ်းသိရသည်။ ကျောက်မဲ – မိုင်းငေါ့လမ်းပိုင်း တွင် ဩဂုတ်လ (၁၈)ရက်နေ့ နေ့လည်ပိုင်းက မိုးရွာသွန်းမှုကြောင့် မြေပြိုပြီး လမ်း(ယာယီ)ပိတ်ဆို့မှု ဖြစ်ပွားခဲ့ပြီး၊ လမ်းကို ယာယီပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းသည် ဩဂုတ် (၁၉)ရက် ယနေ့ နေ့လည်ပိုင်းတွင် ပုံမှန်သွားလာလို့ ရနေပြီဖြစ်သော်လည်း သွားလာမှု အလွန်နည်းပါးကြောင်း ဒေသခံများထံမှ သိရသည်။

ကျောက်မဲမြို့နယ် ကျောက်မဲ – မိုင်းငေါ့ လမ်းပိုင်းသည် နှစ်စဉ် မိုးရာသီရောက်တိုင်း မြေပြိုကျမှု ဖြစ်ပွားတတ်ပြီး သွားလာမှုသတိထားနေရကြောင်း ဒေသခံများထံမှ သိရှိရသည်။ https://burmese.shannews.org/archives/23805

********************

## ၂၄။ ကျောက်မဲမြို့နယ် စစ်ရှောင် (၁၅၀၀)ကျော်ထိ ရှိလာ

August 18, 2021

သျှမ်းမြောက် ကျောက်မဲမြို့နယ်တွင် တိုင်းရင်းသားလက်နက်ကိုင်များ တိုက်ပွဲဖြစ်ပွားမှုကြောင့် ဩဂုတ်လ (၁၇)ရက် ယမန်နေ့အထိ စစ်ဘေးရှောင်နေရသူ (၁၅၀၀)ကျော်ထိ ရှိလာကြောင်း စုံစမ်းသိရသည်။

ကျောက်မဲမြို့နယ်တွင် တိုင်းရင်းသားလက်နက်ကိုင်များဖြစ်သည့် RCSS/SSA နှင့် SSPP/SSA ၊ TNLA တို့ နယ်မြေထိန်းချုပ်ရေးကြောင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး ထွက်ပြေးတိမ်းရှောင်နေရသည့် ဒေသခံများလည်း ပိုမိုများပြားလာကြောင်း ဒေသခံများထံမှ သိရသည်။ မိုင်းငေါ့ရှိ စစ်ရှောင်စခန်းတချို့နှင့် ကျောက်မဲမြို့ပေါ်တို့တွင် (၅)လကျော်ကြာပြီဖြစ်သည့် တော့ဆန်ကျေးရွာအုပ်စုမှ စစ်ဘေးရှောင်များလည်း ကျန်ရှိနေသေးပြီး တိုက်ပွဲများပြင်းထန်နေသည့်အတွက် နေရပ်သို့ မပြန်နိုင်သေးတာဖြစ်ကြောင်း အဆိုပါ စစ်ရှောင်များက ပြောသည်။

တိုင်းရင်းသားလက်နက်ကိုင်များ တိုက်ပွဲဖြစ်ပွားမှု အမြန်ဆုံး အဆုံးသတ်ရန် ဒေသခံများမှ တောင်းဆိုမှုများ ပြုလုပ်ခဲ့သော်လည်း ယနေ့အချိန်ထိ တိုက်ပွဲဆက်လက်ပြင်းထန်နေဆဲဖြစ်သည့်အတွက် တိုက်ပွဲရှောင်များ ထပ်တိုးလာနိုင်ကြောင်း ဒေသခံများထံမှ သိရသည်။ https://burmese.shannews.org/archives/23789

*******************

## ၂၅။ RCSS နှင့် မြောက်ပိုင်းမဟာမိတ်တိုက်ပွဲကြား အရပ်သားနေအိမ်(၂)လုံး လက်နက်ကြီးထိ

August 18, 2021

သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ် ပန်ဖြတ်ကျေးရွာ နှင့် ပန်ကွမ်ကျေးရွာ အနီးတဝိုက် တိုက်ပွဲဖြစ်ပွားပြီး နေအိမ် (၂) အိမ်လက်နက်ကြီးထိသွားကြောင်း စုံစမ်းသိရသည်။ RCSS/SSA နှင့် မြောက်ပိုင်း မဟာမိတ်တို့သည် ဩဂုတ် (၁၁)ရက် မှ စတင်ကာယနေ့ထိ တိုက်ပွဲပြင်းထန်ပြီး ပန်ကွမ်ကျေးရွာ အနီးတဝိုက်တွင် နေအိမ် နေအိမ် (၂) အိမ်လက်နက်ကြီး ထိမှန်သွားခဲ့ပြီး ယမန်နေ့ (ဩဂုတ် ၁၇)ရက်တွင် အရပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပန်ကွမ်ရွာဟောင်း ဒေသခံ တစ်ဦးက သျှမ်းသံတော်ဆင့် ကို ပြောသည်။

အဆိုပါ ကျည်ထိသည့်အိမ်သည် တလုံး မှာ ရွာလယ်ခေါင်တွင်ရှိပြီး၊ တလုံးမှာ ရွာထိပ်တွင်ရှိကြောင်း သိရသည်။ ယနေ့ (ဩဂုတ် ၁၈)ရက်ထိ တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်း တိုက်ပွဲ ဆက်လက်ဖြစ်ပွားနေ သေးကြောင်း သိရသည်။ ဩဂုတ် (၁၁) ရက်နေ့က ပန်ကွမ်၊ ပန်ဖြတ်ကျေးရွာအနီး နှစ်ဖက် တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒေသခံပြည်သူများ ကျောက်မဲမြို့ပေါ်နှင့် နီးစပ်ရာကျေးရွာတို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သိရသည်။

ပြီးခဲ့သည့် ဇူလိုင်လကတည်းက သျှမ်းမြောက် ကျောက်မဲမြို့နယ်တွင် တိုင်းရင်းသားလက်နက်ကိုင်များဖြစ်သည့် RCSS/SSA နှင့် မြောက်ပိုင်းမဟာမိတ် တို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒေသခံ (၁၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရပြီး စားနပ်ရိက္ခာနှင့် အသုံးဆောင်ပစ္စည်းများ လိုအပ်နေကြောင်း သိရှိရသည်။ https://burmese.shannews.org/archives/23782

***********************

မှတ်ချက်။ သက်ဆိုင်ရာသတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

** ပြီး **